၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်။

ပတခ(အထခ)- ၁၉ ။

**အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (က)အရ ကုန်စည်ထုတ်လုပ်ရောင်းရငွေ သို့မဟုတ် ကုန်စည်တင်ပို့ခြင်းရောင်းရငွေတို့နှင့်စပ်လျဉ်းသည့် အချက်အလက်များ ထိမ်ချန်ခြင်းကို မှန်ကန်ပြည့်စုံစွာထုတ်ဖော်ရန် အကြောင်းကြားစာ**

စာအမှတ်၊ -------------------

ရက်စွဲ ။ -------------------

သို့

အမည် -------------------

လိပ်စာ -------------------

အခွန်ထမ်းမှတ်ပုံတင်အမှတ်--------

၁။ ----------နှစ်---------လနှင့်သက်ဆိုင်သည့် ၁-၄- မှ ၃၁-၃- အတွင်း လူကြီးမင်း၏/ လူကြီးမင်းပါဝင်သော အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ၊ ဖက်စပ်လုပ်ငန်း၊ အသင်း သို့မဟုတ် အဖွဲ့အစည်း၏ ကုန်စည်ထုတ်လုပ်ရောင်းရငွေ/ ကုန်စည်တင်ပို့ခြင်းရောင်းရငွေတို့နှင့်စပ်လျဉ်းသည့် အချက်အလက်များကို အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ကြောင်း/အခွန်လျော့နည်းစေရန် ထိမ်ချန်ကြောင်း တွေ့ရှိထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကုန်စည်ထုတ်လုပ်ရောင်းရငွေ/ ကုန်စည်တင်ပို့ခြင်းရောင်းရငွေတို့ကို လည်းကောင်း၊ ယင်းတို့နှင့်စပ်လျဉ်းသည့် အချက်အလက်များကိုလည်းကောင်း ----------နေ့ရက်ထက် နောက်မကျဘဲ မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ကြေညာပါရန် အကြောင်းကြားပါသည်။

၃။ မှန်ကန်ပြည့်စုံစွာ ရေးသွင်းဖော်ပြနိုင်ရန်အတွက် ကြေညာလွှာတစ်စောင် ပူးတွဲပေးပို့လိုက်ပါသည်။

၄။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၃ ပုဒ်မခွဲ (ခ) အရ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသောကာလအတွင်း အပြည့်အစုံထုတ်ဖော်ခဲ့လျှင် ယင်းကပေးဆောင်ရမည့်အခွန်အပြင် တိမ်းရှောင်သည့်အခွန်၏ သို့မဟုတ် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့်အခွန်၏ တစ်ဆနှင့်ညီမျှသော ဒဏ်ငွေကိုပါပေးဆောင်ရမည်။ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသောကာလအတွင်း ထုတ်ဖော်ရန်ပျက်ကွက်လျှင် သို့မဟုတ် တိမ်းရှောင်ထိမ်ချန်ခဲ့သည့် အထူးကုန်စည်ထုတ်လုပ်မှုပမာဏနှင့်သက်ဆိုင်သည့်အချက်အလက်များကို လျော့နည်းထုတ်ဖော်လျှင် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၃ ပုဒ်မခွဲ (ဂ) အရ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၃ ပုဒ်မခွဲ (ခ) ပါ အခွန်နှင့်ဒဏ်ငွေနှစ်ရပ်စလုံး ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။ ထုတ်ဖော်ခွင့်ရရှိသူသည် တရားစွဲဆိုခံရပြီး ခွင့်ပြုထားသောကာလအတွင်း ထုတ်ဖော်ရန်ပျက်ကွက်ကြောင်း သို့မဟုတ် တိမ်းရှောင်ထိမ်ချန်ခဲ့သည့် အထူးကုန်စည်ပမာဏနှင့်သက်ဆိုင်သည့် အချက်အလက်များကို လျော့နည်းထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၄ အရ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်အပြစ်ပေးခံရမည် ဖြစ်ပါသည်။

၅။ ထို့ပြင် လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် အထူးကုန်စည်ထုတ်လုပ်မှုပမာဏနှင့်သက်ဆိုင်သည့် မမှန်သော ကြေညာလွှာကို တမင်သက်သက်ပေးပို့ကြောင်း၊ မမှန်သော၊ မမှန်ဟု မိမိသိရှိယုံကြည်သော အထောက်အထားများကို တင်ပြကြောင်းတွေ့ရှိလျှင် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၅ ပုဒ်မခွဲ (က) အရ ကျသင့်အခွန်၏ သုံးဆနှင့်ညီမျှသော ဒဏ်ငွေပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။ တရားစွဲဆိုခံရပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါလျှင် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၅ ပုဒ်မခွဲ (ခ) အရ သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံး ဖြစ်စေ ချမှတ်အပြစ်ပေးခံရမည် ဖြစ်ပါသည်။

ရုံးတံဆိပ်

လက်မှတ်-------------------

-----------------ဦးစီးဌာနမှူး

--------------------မြို့နယ်၊

တိုင်းဒေသကြီး/ပြည်နယ်/----------

-------------ပြည်ထောင်စုနယ်မြေ

မိတ္တူကို

လက်ခံ